အုန်းတင်ကျေးရွာ

ဒီပဲယင်းမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း (၂၀၁၉-၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အုန်းတင်ကျေးရွာ၊ ဒီပဲယင်းမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ

စကားချီး

၁။ ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်သည် ၂၀၁၉-၂၀၂၀ ပြည့် ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ ခုနှစ်ထိ (၅)နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထဦးဆုံးသော လူအများ ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ စီမံချက် ဖြစ်မြောက်ရေး အတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေး ကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး နှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

၂။ ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ စီစဉ် ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံ လိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

၃။ ယခု ရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရပါမည်။

၄။ ဤဖွံ့ဖြိုးရေးအစီစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

၅။ ဤအစီအစဉ်တွင် အပိုင်း(၂) ပိုင်း ပါရှိပါသည်။ အပိုင်း(က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု

အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ) သည် စီမံကိန်းဆိုင်ရာ အချက်အလက် အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
အုန်းတင်ကျေးရွာ
ဒီပဲယင်းမြို့နယ်

အောက်တိုဘာ လ၊ ၂၀၂၀ ပြည့်နှစ်

အုန်းတင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

(၁) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

(က) နိဒါန်း

၁။ အုန်းတင် ကျေးရွာသည် ဒီပဲယင်းမြို့နယ်နှင့် (၅) မိုင်ခန့်အကွာတွင် တည်ရှိပြီး အိမ်ခြေ (၁၇၈)၊ လူဦးရေ (၈၄၅) နေထိုင်လျက်ရှိပါသည်။ အဓိကစီးပွားရေးအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများ နှင့် အခြားလုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြပါသည်။

(ခ) ရည်ရွယ်ချက်

၂။ ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

၃။ ကျွန်နုပါတို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

၄။ ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုး ဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာကာလ အပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာ အနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

၅။ ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရစေပြီး ကျေးရွာဖွံ့ဖြိုးရေး နှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

(၈) အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

၆။ ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။

၇။ ပုဂ္ဂလိက ကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

၈။ အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

၉။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များ အနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမို သိရှိလာနိုင်မည် ဖြစ်သည်။

၁၀။ နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များ အနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့်ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုသေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

၁၁။ မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြစ် ၊ ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

၁၂။ နိုင်ငံတကာမိတ်ဖက်များဖြစ်သည် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်) ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့စည်းများနှင့် အလှူရှင်အဖွဲ့အစည်းများ အနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမို ကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ဃ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

၁၃။ ယခင်က ဖွံ့ဖြိုးရေးအစီစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်းကျွန်ုပ်ကိုယ်တိုင် တက်နိုင်သော ငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့စည်းများထံမှ ရနိုင်မည့်အကူညီများကို အခြေခံကာ ဦးစားပေး စီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါသည်။

၁၄။ လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။

ဤသို့ဖြင့် လုပ်ငန်းများကို လုထုပါဝင်၍ စုစည်းခြင်း ၊ ဦးစားပေး ရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လုထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

၁၅။ ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီစဉ်ကိုအကောင်ထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်ထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်း နိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ် မျိုး ဖြစ်ပါသည်။

(၂) ပထဝီအနေအထားနှင့် သဘာဝသယံဇာတ အရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

၁၆။ ကျေးရွာသည်ဒီပဲယင်းမြို့နယ်၏ အနောက်ဘက် (၅) မိုင် အကွာအဝေးတွင် တည်ရှိပါသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး၊ အဓိက အသက်မွေးလုပ်ငန်းများ စိုက်ပျိုးရေး လုပ်ငန်း ဖြစ်သည်။ ဒေသ၏တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မမှ ၄၀ အောက်တွင် ရရှိသော်လည်း သဖန်းဆိပ်ဆည် နှင့် နီးကပ်စွာရှိသဖြင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် များစွာ အထောက်အကူ ပြုသည်။ လယ်ယာမြေ များသည် စပါး၊ မြေပဲစိုက်ပျိုးထုတ်လုပ်ရန် အဓိက အားထားရာ ဖြစ်သည်။

(ခ) သဘာဝအရင်းအမြစ်

၁၇။ ကျေးရွာသည် သဖန်းဆိပ်ဆည်၏ အဖျားတွင်ရှိသော်လည်း စိုက်ပျိုးမြေများအတွက် ဆည်ရေရရှိမှု ၅၀%နှင့် မိုးရေရရှိမှု ၅၀% ဖြင့် အသုံးပြုနိုင်ကြကာ စိုက်ပျိုးရေးအတွက် သင့်တင့်စွာ အကျိုးဖြစ်ထွန်းပါသည်။ ကျေးရွာတွင် လယ်ယာမြေအသင့်တင့်ရှိကြပြီး ကောင်းမွန်ပါသည်။ ဆည်ရေသောက် စိုက်ပျိုးမြေ ဧက(၄၇၂.၈) နှင့် ယာမြေ (၃၉၆.၈)ဧကရှိပြီး စပါးနှင့် မြေပဲ အဓိက စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် သဘာဝ တွင်းထွက်သယံဇာတများ မရရှိပါ။ နွားစာအတွက် မြက်များကို လယ်ကန်သင်းများနှင့် မြေပဲရွက်များမှ အလွယ်တကူ ရရှိနိုင်သည်။ စားကျက်မြေ သီးသန့် မရှိတော့ပါ။ ဆေးဘက်ဝင်အပင်များမှာ သာမန် တွေ့ရများသော အပင်များသာ ရှိသည်။

(၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

၁၈။ အိမ်ထောင်စုပေါင်း (၁၇၈) စုနှင့် ကျား(၄၀၁) ၊ မ (၄၄၄) လူဦးရေပေါင်း (၈၄၅) ဦး ရှိကာ တစ်အိမ်ထောင် ပျမ်းမျှနှုန်း (၄) ဦးထက် များနေသည်။ ကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့် အရွယ်သည် ကျေးရွာရှိ လူဦးရေ အားလုံး၏ (၇၉%) ဦး ရှိပြီး အမျိုးသမီးများမှ အမျိုးသားအရေအတွက်ထက် ပိုများသဖြင့် အမျိုးသမီးများ လုပ်ကိုင် နိုင်သည့် အလုပ်များကိုပါ ထည့်သွင်းစဉ်းစားပြီး အလုပ်ကိုင်များကို ဖန်တီးပေးနိုင်ပါက လူစွမ်းအား အရင်းအမြစ်ကို ထိရောက်စွာ အသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမို အထောက်အကူ ပြုစေနိုင်ပါသည်။

(ခ) စီးပွားရေးအခြေအနေ ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မျှတမှု

၁၉။ အဓိကဝင်ငွေရ လုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေ အနေအထားမှာ သာမန်အားဖြင့် အသင့်တင့်ကောင်းမွန်သည်။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စု အားလုံး၏ (၆၁%) သည် ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စု အဆင့်အဖြစ် သတ်မှတ်ကြပြီး၊ (၁၉%) သည် ချမ်းသာသည့်အဆင့်၊ (၂၀%) သည် အလယ်အလတ်အဆင့် ရှိကြသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လှမ်းမှီမှု လယ်ယာသုံး စက်ကိရိယာများ ပိုင်ဆိုင်မှုနှင့် ဆည်သွင်းရေနှင့် မိုးရေတို့ဖြင့် စိုက်ပျိုးမှုတို့ကြောင့် ကျေးရွာ စီးပွားရေးအနေအထားမှာ အသင့်တင့် ကောင်းသည်ဟု ပြောနိုင်သည်။ ချမ်းသာသော အိမ်ထောင်စု အနည်းငယ်၊ အခြား လယ်သမား အိမ်ထောင်စု အချို့မှာ အသေးစား အိမ်ကုန်စုံဆိုင် ရောင်းချခြင်းများ အနည်းငယ် ဆောင်ရွက်ကြသည်။

ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံး ဖြစ်ပြီး လက်လုပ် လက်စားများနှင့် မြေယာမဲ့ အိမ်ထောင်စုများ ပါဝင်ကြပါသည်။ ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စုအရေအတွက် (၂၀%) ထိရှိကာ ဆင်းရဲ၊ အလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများ ပါဝင်ကြပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

၂၀။ ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စုအရေအတွက်မှာ ဆယ်ပုံတစ်ပုံခန့် ရှိသော်လည်း ရာသီအလိုက် စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိက ဝင်ရောက်လုပ်ကိုင်ကြသည်။ ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများ၏ (၆၁%)ဖြစ်သော (၁၀၉) စုကို လေ့လာ စမ်းစစ်မှု အရ ယင်းတို့၏ (၇၀%) မှာ သူတစ်ပါးထံမှ မချေးမငှားဘဲ (၃) လမှ (၅) လခန့် သူတစ်ပါးထံမှ ချေးငှားစရာမလိုဘဲ နပ်မှန်စားသုံးနိုင်ကြကြောင်း တွေ့ရှိရသည်။ အကြွေးတင်ရှိမှု တွင် တွေ့ဆုံခဲ့သော အိမ်ထောင်စု အားလုံးသည် အကြွေးငွေ (၁၀၀၀၀၀) ကျပ်မှ (၁၀၀၀၀၀၀) ကျပ် အထိ တင်ရှိနေကြသည်။ ချေးငွေ အများစုကို ကျေးရွာရှိ အများပိုင် ရန်ပုံငွေများမှ ချေးယူရရှိကြသည်။ ချေးငွေများကို အသုံးပြုကြပုံမှာ စားသုံးရန်၊ ကျန်းမာရေး၊ ပညာရေး ကိစ္စရပ်များအတွက် အဓိကသုံးစွဲကြပြီး ဝင်ငွေရ အလုပ်အကိုင်များ ပညာရေးတို့အတွက် ဒုတိယအနေထားတွင် သုံးစွဲကြသည်။

၂၁။ ကျေးရွာတွင် ထိခိုက်သက်ရောက်မှု အမျိုးအစားတွင် သစ်တောပြုန်းတီးမှုကိုသာ အသင့်အတင့် အနေအထား တွေ့ရပြီး ကျန်အမျိုးအစားများမှာ နိမ့်သည့် အနေအထားများတွင်သာ တွေ့ရသည်။ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် သူများအတွက် အုပ်စုအလိုက် သတ်မှတ်ရာတွင်လည်း ထိခိုက် သက်ရောက်မှု နိမ့်ကြောင်း တွေ့ရသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

၂၂။ ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အစားအစာ ပြည့်ဝမှု ရှိကြသည်။ ကလေးငယ် အများစုလည်း ကျန်းမာကြသည်။ ရုံးသာ

ကျေးရွာတွင် အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်း အများစုတို့သည်လည်း တကိုယ်ရည် သန့်ရှင်းရေးနှင့် ကျန်းမာရေး အသိအမြင်များ အသင့်အတင့် ရှိကြသည်။ ကျေးရွာသားများ အနေဖြင့် အခြေခံ ကျန်းမာရေး စောက်ရှောက်မှုများကို (၃) မိုင် အကွာရှိ ဆပ်ပြာကျင်းကျေးရွာ ကျေးလက်ဆေးပေးခန်းနှင့် ဒီပဲယင်းမြို့နယ် ပြည်သူ့ဆေးရုံတို့တွင် ရရှိနိုင်ပြီး (၅) မိုင်ခန့် ကွာဝေးပြီး ကျေးရွာချင်းဆက် မြေသားလမ်းဖြင့် အလွယ်တကူ သွားလာနိုင်ပါသည်။

၂၃။ ကျေးရွာတွင် ရေတွင်း၊ လက်နှိပ်တုံကင်များမှ မြေအောက်ရေကို အလွယ်တကူ လုံလောက်စွာ ရရှိနိုင်ပြီး ဝမ်းပျက်ဝမ်းလျော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင်စသော ရောဂါဖြစ်ပွားမှု နည်းပါးကြောင်း တွေ့ရသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

၂၄။ ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အနည်းငယ် နိမ့်ပါးမှုရှိကြောင်း တွေ့ရှိရပါသည်။ ရွာသားအများစုသည် အခြေခံ အရေး၊ အဖက်၊ အတွက် တို့ တက်မြောက်ကြပြီး ဘွဲ့ရအရေတွက်မှာ အသင့်အတင့်ရှိပါသည်။ ကျေးရွာရှိ အခြေခံပညာရေးကို မူလတန်း၊ အလယ်တန်း၊ အထက်တန်း ပညာရေးတို့အတွက် ညောင်လှကျေးရွာရှိ အ.ထ.ကကျောင်းတွင် တက်ရောက်သင်ကြား နိုင်ပါသည်။ သို့သော် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှု လုပ်ငန်းများ မှာ နိမ့်ကျဆဲ ဖြစ်သည်။ လူငယ်လူရွယ်များအတွက် ကျွမ်းကျင်မှု အခြေခံသည့် အလုပ်အကိုင် အခွင့်အလမ်းများသည်လည်း နည်းပါဆဲ ဖြစ်သည်။

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

၂၅။ ကျေးရွာတွင် ကျား၊ မ ဆိုင်ရာ ဆက်နွယ်မှု အနေထားမှာ ကောင်းမွန်ပါသည် မိသားစု အတွက် ကျား၊ မတို့၏ အခန်းကဏ္ဍအသီးသီးကို ရွာ၏ သတ်မှတ်ချက်များအတိုင်း ကျင့်သုံး ကြပါသည်။ ကျားနှင့်မကြား ပြင်းထန်သော အိမ်တွင်း အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေး တူညီစွာ ရရှိသည်ဟု ယေဘုယျ ပြောနိုင်ပါသည်။ ပညာရေး နှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းများရှိ ကျား၊မ အရေအတွက်မှာ အလွန်ကွာခြားမှု ရှိသဖြင့် အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများထက် ပိုများခြင်း ဖြစ်သည်။ ကျေးရွာတွင် နေ့တွက်လုပ်အားခ ငွေများမှာ အမျိုးသား များက ပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အား၊ သဘာဝနှင့် လုပ်အားခ လျော့နည်းပြီး အားစိုက်ထုတ် မှုမှာ တူညီမှု ရှိကြသည်။ အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခ လျော့နည်းရကြသည်။

၂၆။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီးများ ပါဝင်မှု မရှိသော်လည်း အခြားလူမှုရေး အသင်းအဖွဲ့များတွင်မှု အမျိုးသမီးပါဝင်မှု အသင့်အတင့် ရှိကြသည်။ ကျား၊ မ တန်းတူညီမျှမှုနှင့်

ပတ်သက်၍ အသိပညာပေးခြင်းများကို မြှင့်တင် ဆောင်ရွက်ပေးခြင်းဖြင့် ကျား၊ မ တန်းတူညီမျှမှု ဖွံ့ဖြိုးမှုတို့အတွက် ပိုမို အထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

၂၇။ ကျေးရွာတွင် လူမှုရေးဆိုင်ရာ အဖွဲ့အစည်း (၁) ဖွဲ့၊ ဘာသာရေးအဖွဲ့(၁)ဖွဲ့ရှိပါသည်။ လူမှုရေးအဖွဲ့တွင်မူ ကျေးရွာ၏ လူမှုရေး ၊ ကျွေးမွေးရေးစသော အလုပ်များတွင် အမျိုးသား အဖွဲ့များနှင့် ကျေးရွာမှ လူကြီးအချို့ ဦးဆောင်ပြီး၊ လူငယ်လူရွယ်များ ပါဝင်ဖွဲ့စည်းက ကျန်းမာရေးနှင့် အခြားလူမှုရေးကိစ္စများ ဆောင်ရွက်လျက် ရှိကြသည်။

၂၈။ ကျေးရွာတွင် စီးပွားရေး အခြေခံအသင်းအဖွဲ့များအဖြစ် စိုက်ဘဏ်မှ ထုတ်ချေးငွေ မိုးသီးနှံမှာ လယ် (၁) ဧက (၁.၅) သိန်း၊ ယာ (၀.၅) သိန်း ကျေးရွာသား အများစုမှာ ပါဝင်ဆောင်ရွက်လျက် ရှိသည်။

(ခ) သီးနှံ၊ သား၊ ငါး ထုတ်လုပ်ရေးကဏ္ဍ

၂၉။ ကျေးရွာတွင် စပါး၊ မြေပဲကို အဓိကထား စိုက်ပျိုးကြသည်။ မိုးစပါးဆည်ရေဝင် ဧက (၃၉၆.၈) နှင့် ယာ ဧက (၇၆) ရှိပြီး၊ ဆည်ရေဝင် တစ်ဧက ပျမ်းမျှအထွက်မှာ (၃၅)တင်းနှင့် မြေပဲတစ်ဧကပျမ်းမျှအထွက်မှာ (၁၅) တင်း ထွက်ရှိကြသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာ ဝန်ဆောင်မှုများ ရရှိနိုင်ကြပြီး စိုက်ပျိုးရေးပစ္စည်း ကုမ္ပဏီများမှာ တောင်သူများအတွက် ဝန်ဆောင်မှု များ ပေးကြသည်။ ကျေးရွာတွင် စိုက်ပျိုးရေး ဦးစီးဌာနမှ ကမကထပြုပြီး မိုးစပါးစိုက်ပျိုး ထုတ်လုပ် ရေး ဆောင်ရွက်ခြင်း၊ သီးနှံ စံပြစိုက်ကွက်အနည်းအကျဉ်း၊ နမူနာ စိုက်ပျိုးခြင်းများရှိသည်။ တောင်သူ အများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမား မလုံလောက်မှု ပြဿနာကို ရင်ဆိုင်ရ တက်ပြီး လုပ်အားခပိုပေးမှ အလုပ်သမားများကို ငှားရမ်းရရှိနိုင်ကြကာ ကုန်ကျစရိတ် မြင့်မားသည်။ သီးနှံစိုက်ခင်းများတွင် ယခုနှစ်များတွင် ဖျက်ပိုးကျရောက်မှုကို ပိုမို တွေ့ရပြီး ထိရောက် သော ဖျက်ပိုး နှိမ်နှင်းရေး နည်းစနစ်နှင့် ဆေးဝါးတို့အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ လိုအပ်သလို ကူညီ ဆောင်ရွက်ပေးမှုများ ရရှိသည်။

၃၀။ ကျေးရွာတွင် လယ်ထွန်စက် အပိုင်မရှိသည့် တောင်သူများသည် ငှားရမ်းထွန်ယက်ကြရာတွင် တစ်ဧက ကာလပေါက်ဈေး ၃၀၀၀၀/–ကျပ် ဝန်းကျင်ပေး ငှားရကာ ငှားရမ်းခဈေးနှုန်းကြီးမှုကို ရင်ဆိုင်ရသည်။ ထို့ကြောင့် ငှားရမ်းခ ဈေးနှုန်းသက်သာစွာ ရရှိငှားရမ်းနိုင်ရေးအတွက် လိုလား နေကြသည်။

၃၁။ ကျေးရွာတွင် ကြက်နှင့် ဘဲကို မွေးမြူသူ များစွာရှိသည်။ နွားမွေးသည့် အိမ်ထောင်စုမှာ (၆၀%) ခန့်ရှိပြီး တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်း နည်းပါးသည်။ ရာသီအလိုက် ဖြစ်ပွားတတ်သော ရောဂါများမှာ ရံဖန်ရံခါ ကျရောက်တက်သည်။

၃၂။ ကျေးရွာတွင် နွားမွေးမြူခြင်း၊ အိမ်ထောင်စု အရေအတွက်နှင့် နွားကောင်ရေများကြောင်း တွေ့ရှိရပါသည်။

၃၃။ သီးနှံစိုက်ပျိုးရေးလုပ်ငန်းများမှ ဆက်စပ်ဝင်ငွေ အထိုက် အလျောက်ရရှိနိုင်ခြင်း ကူးဆက်ရောဂါ အခါအားလျော်စွာ ကျရောက်ခြင်းနှင့် နွားမွေးမြူရေးလုပ်ငန်းကို စိတ်ဝင်တစား ဆောင်ရွက်ပြီး၊ ဝင်ငွေ ရရှိလိုမှု အားနည်းကြခြင်းတို့ကြောင့် အခြား မွေးမြူရေးလုပ်ငန်း နည်းပါးသည်။ ကျေးရွာတွင် မွေးမြူရန် ရေ၊ မြေ၊ နေရာ အနေအထား အဆင်မပြေသောကြောင့် ငါးမွေးမြူရေးလုပ်ငန်းများ မရှိပါ။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားလုပ်ငန်းများ

၃၄။ ကျေးရွာတွင် အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်း မရှိပါ။ အခြားဝင်ငွေရ လုပ်ငန်းများမှာ နေ့စား အလုပ်များ၊ စျေးရောင်း၊ ခေါင်းရွက်ဗျပ်ထိုး၊ အစိုးရဝန်ထမ်း လုပ်ငန်းတို့ဖြစ်ကြသည်။

၃၅။ လုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးစားအလိုက်၊ တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့် အနေအထား ရှိကြသည်။ ကျေးရွာတွင် စပါးနှင့် မြေပဲသီးနှံများကို အဓိက စိုက်ပျိုးကြပြီး ကျေးရွာမှ အလုပ်သမားများ အတွက် အလုပ်အကိုင် အသင့်အတင့် ရရှိကြသည်။ စပါးနှင့် မြေပဲရိတ်သိမ်းချိန်များတွင် လုပ်အားခကို နေ့တွက်ခ တစ်ယောက် (၅၀၀၀/-) ကျပ် ရနိုင်ကြသည်။ တစ်နှစ်အတွင်း ရိတ်သိမ်းရသည့် အလုပ်ရက်ပေါင်းမှာ (၃၀ မှ ၄၀) ခန့် ရှိတတ်သည်။ လုပ်အားခ ရရှိမှုမှာ ကျားနှင့် မ အတူတူ သတ်မှတ်ကြသည်။

၃၆။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေများပြားပြီး လူ့အရင်းအမြစ်အလားအလာ ကောင်း တစ်ရပ်ဖြစ်သည်။ လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင် အနည်းငယ် နိမ့်ကျပြီး ကျွမ်းကျင်မှု အခြေခံသည့် အလုပ်အကိုင်ရရှိမှု အားနည်းသည်။

(ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတ စီမံခန့်ခွဲမှု

၃၇။ ကျေးရွာတွင် စပါး၊ မြေပဲ စိုက်ခင်းများတွင် ဖျက်ပိုးများ ကျရောက်တက်ခြင်း၊ ပိုးသတ်ဆေးနှင့် ဓါတုမြေဩဇာ သုံးစွဲမှုများပြားခြင်းတို့ကြောင့် မြေဆီလွှာ အရည်အသွေး ကျဆင်း လာနိုင်သည်။ တောင်သူများအနေဖြင့် ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အသိပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

၃၈။ ကျေးရွာတွင်း မြေပြန့်ဒေသဖြစ်သော်လည်း သဖန်းဆိတ်ဆည် ရှိသောကြောင့် ရေကြီး ရေလျှမ်းခြင်းမှ ကင်းဝေးသည်။ အားပျော့သော မုန်တိုင်း ဝင်ရောက်မှုသာ တစ်ခါတစ်ရံ ကြုံတွေ့ ရတတ်သည်။ အခါအားလျော်စွာ ကျရောက်တက်သော မိုးခေါင်းခြင်း၊ မိုးကြီးခြင်းက သဘာဝ အန္တရာယ် တစ်ရပ် အနေဖြင့် ရှိနေဆဲ ဖြစ်သည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

၃၉။ ကျေးရွာမှ တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေကို တစ်လ အတိုးနှုန်း၊ ပြား (၈၀) ၊ တစ်ကေ တစ်သိန်းခွဲ ကျပ်နှုန်းဖြင့် အများဆုံး (၁၀) ဧက အတွက် ချေးယူ

နိုင်ကြသည်။ ကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အပြင် အခြား ပုဂ္ဂလိက ငွေစုငွေကြေး အဖွဲ့အစည်းများလည်း ရှိပါသည်။

၄၀။ ကျေးရွာသား အများစုသည် ချေးငွေကို အဓိကအားဖြင့် ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာ ကိစ္စများအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေ လိုအပ်ချက် များပြားကြောင်း တွေ့ရှိရပါသည်။ ဆင်းရဲ၊ အလွန်ဆင်းရဲ၊ အိမ်ထောင်စုများ၏ အကြွေးတင်ရှိမှုကို လေ့လာဆန်းစစ်ချက် အရ အကြွေးပမာဏသည် ကျပ် ၁၀၀၀၀၀/- မှ ၁၀၀၀၀၀၀/- ထိ ရှိကြကြောင်း တွေ့ရသည်။

(စ) ပညာရေး၊ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

၄၁။ ကျေးရွာတွင် မူလတန်းအဆင့်ကျောင်းသာရှိပြီး အလယ်တန်းနှင့် အထက်တန်းကိုမူ (၁)မိုင်ခန့်ဝေးသော ဝန်းရံကျေးရွာ အထက်တန်းကျောင်းကို သွားရောက် တက်ကြပါသည်။ ရွာသူ/သားများသည် ကျန်းမာရေးဝန်ဆောင်မှုကို ကျေးရွာမှ (၃) မိုင်ခန့်ဝေးသော ဆပ်ပြာကျင်းကျေးရွာ ကျေးလက်ဆေးပေးခန်း၊ (၁၀) မိုင်ခန့်ဝေးသည့် ဒီပဲယင်းမြို့နယ် တိုက်နယ်ဆေးရုံသို့ ကားဖြင့် အလွယ်တကူ သွားရောက်နိုင်သည်။ ကျေးရွာတွင် ကျေးလက် ဆေးပေးခန်း မရှိသဖြင့် အရေးပေါ် လိုအပ်ချက်ရှိပါက အဆင်ပြေစေနိုင်ရန် ကျေးလက် ဆေးပေးခန်း တစ်ခု ရရှိရန် လိုအပ်ပါသည်။

၄၂။ သောက်ရေအတွက် လက်နှိပ်ရေတုံကင် အသုံးပြုကြပြီး ရေလုံလောက်မှု ရရှိသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာ ဆောက်လုပ်ကြသဖြင့် ရေကြောင့် ဆက်စပ်ဖြစ်ပွားသော ရောဂါများ ဖြစ်ပွားမှု နည်းပါးသည်။

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

၄၃။ လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထား သီးသန့်မရှိပါ။ သူတို့သည် ကျေးရွာရှိ လူမှုရေး လုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များ တွင်လည်း ရိုးရာအကများဖြင့် တင်ဆက်ပါဝင်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများအတွက်မူ လမ်း၊ တံတား လုပ်ငန်းများတွင် ပူးပေါင်းပါဝင်မှုများ ရှိသည်။

(ဇ) အခြေခံအဆောက်အဦး၊ လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

၄၄။ ရွာတွင်းလမ်းသည် မြေသားလမ်းဖြစ်သော်လည်း သွားလာရန် အသင့်အတင့် ကောင်းမွန် ပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သော်လည်း မြေသားလမ်းကို ကျောက်ခင်းလမ်း အဖြစ် ခင်းပေးရန် ကျေးရွာသားများက လိုလားနေကြပါသည်။ ရေလမ်းခရီး အသုံးပြုမှု မရှိဘဲ လမ်းပန်းဆက်သွယ်ရေး အတွက် မော်တော်ဆိုင်ကယ် ၊ စက်ဘီး ၊ ထွေလာကျီ ၊ နွားလှည်း နှင့် ကား တို့ကို အသုံးပြုလျှက် ရှိကြသည်။

၄၅။ ကျေးရွာတွင် လျှပ်စစ်မီး မရှိသဖြင့် ကလေးများ နေမကောင်းသောအခါ ရေခဲနှင့် ထားရမည့် ဆေးများကို ဝယ်ယူထား၍ မရသောကြောင့် အခက်အခဲများရှိကြသည်။ ကျောင်းပညာရေး တွင်လည်း တက်နိုင်သော အိမ်ထောင်စုမှ ကလေးများက၊ ဘက်ထရီအိုး၊ မီးကပ် နှင့် စာကြည့်ကြပြီး

မတတ်နိုင်သော မိဘများက ကလေးများ ဖယောင်းမီးနှင့် ကြည့်သော်လည်း မီးလောင်မှု ဖြစ်ပွားလေ့ ရှိသောကြောင့် ကလေးများ ကို စာမေးပွဲနီးမှ စာကြည့်ခိုင်းသဖြင့် အောင်မြင်မှု နည်းနေသည်ကို တွေ့ရသည်။

၄၆။ အလုပ်သမားများမှာလည်း ညနေ (၃:၃၀) မိနစ် အလုပ်ကတက်၍ အိမ်ရှင်မများသည် ထမင်းကို အလျင်အမြန်ချက်ရသည်။ မီးသတ်ဌာနမှ ထုတ်ပြန်ထားသည့် (၆:၀၀) ကျော်ရင် မီးဘိုထဲ မီးမရှိ ရသဖြင့် အလျင်အမြန် ချက်ပြုတ်ရသည်။ အလုပ်မနိုင်သော မိသားစုများသည် မနက်မှ ညနေထိ တစ်နေ့လုံးစာ ချုပ်ပြုတ်ထားသော်လည်း နေပူသော နေ့များတွင် သို့၍ စားမရတော့ပေ။ ထို့ကြောင့် လျှပ်စစ်မီး ရရှိရေးကို တစ်ရွာလုံးက လိုလား တောင့်တနေကြပါသည်။

၄၇။ ကျေးရွာတွင် မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှု လုပ်ငန်း များအတွက် လက်လှမ်းမှီ အသုံးပြုနိုင်ကြသည်။ အိမ်တိုင်နီးပါးမျှ လက်ကိုင်ဖုန်း အသုံးပြုနေကြပြီ ဖြစ်ပြီး၊ လက်ကိုင်ဖုန်းများကို မီးစက်နှင့်ပေးသော အိမ်များမှ မီးရရှိ၍ အားသွန်းနိုင်ပါသည်။

၄၈။ ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး သတင်း အချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ ကျေးရွာတွင် စာကြည့်တိုက် အဆောက် အဦး မရှိသော်လည်း သတင်းစာ၊ ဂျာနယ်တို့ကို ဝယ်ယူဖက်ရှုကြပြီး၊ တစ်ရွာလုံး အတိုင်းအတာဖြင့် ဆက်သွယ်ရေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၄၉။ ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည် ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ သို့သော် ရွာသားများသည် မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ အာမခံစနစ်ကို ချိတ်ဆက် အသုံးပြုနိုင်သော်လည်း ချိတ်ဆက်ဆောင်ရွက် ထားသူ မရှိသလောက်ပင် ဖြစ်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ် လျော့ပါးရေး အစီအစဉ် သီးသန့် ရေးဆွဲထားခြင်း မရှိပါ။ ရွာသားများသည် ဒီပဲယင်းရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက် နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှု ဖြစ်ပွားခြင်း နည်းပါသည်။

(၅) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ ဖြစ်စေမည့် အခြေအနေကောင်းများ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ ဖြစ်စေမည့် အခြေအနေများ

၅၀။ အုန်းတင် ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိ ပါသည်။ လမ်းပန်းဆက်သွယ်ရေးအရ အသင့်အတင့် ကောင်းမွန်မှုရှိပြီး၊ တစ်နှစ်ပတ်လုံး သွားလာ နိုင်သည်။

၅၁။ အုန်းတင်ကျေးရွာနှင့် အနီးဆုံးဈေးမှာ စိုင်ပြင်ဈေးဖြစ်ပြီး ရွှေထည်ပစ္စည်းအပါအဝင် အမယ် စုံလင်စွာ ရရှိနိုင်ပေသည်။ အရေးပေါ်လိုအပ်ပါက မုံရွာ ဈေးသို့လည်း အလွယ်တကူ သွားရောက်ဝယ်ယူ နိုင်သည်။ ဘွဲ့ရအရေအတွက်မှာ ကျေးရွာရှိ (၉)နှစ်အထက် လူဦးရေ၏ (၃%)

ကျေးရွာ၏ ကျန်းမာရေး အခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး၊ ကျန်းမာရေး ပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့လည်း အတန်အသင့် လက်လှမ်း မှီနိုင်ကြသည်။ ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသော ကျန်းမာရေးအခြေအနေတွင် ညောင်လှ ကျေးလက်ဆေးပေးခန်းနှင့် ဒီပဲယင်း ဆေးရုံသို့ သွားရောက်ပြီး ဆေးကုသမှုများ ခံယူနိုင်ကြသည်။

၅၂။ ကျေးရွာအတွင်းတွင် စိုက်ပျိုးရေးဦးစီးဌာနမှလည်း စိုက်ပျိုးရေးနှင့် ပတ်သက်သော နည်းပညာပေး စံပြစိုက်ကွက်များကို ကျေးရွာတွင် စိုက်ပျိုးထားခြင်းသည်လည်း တောင်သူများအတွက် ခေတ်မှီ စိုက်ပျိုးနည်းစနစ်များအား အချိန်နှင့် တပြေးညီ ရရှိစေသည်။ သဘာဝ အရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဩဇာ အတော်အသင့်အတင့် ကောင်းမွန်သည်။ တောင်သူများသည် လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင်ရောင်းချနိုင်သည်။ စပါး၊ နှမ်း တို့ကို အဓိက စိုက်ပျိုးကြပြီး၊ သဖန်းဆိတ်ဆည်မှ ဆည်ရေကို လုံလောက်စွာ ရရှိနိုင်သောကြောင့် သီးနှံစိုက်ပျိုးမှုအား လွန်စွာ အထောက်အကူ ဖြစ်စေပေသည်။

၅၃။ ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို စျေးကွက်နှင့် အခြား လူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီ အသုံးပြုနိုင်ကြသည်။ လူမှုရေး ပရဟိတ အသင်းအဖွဲ့များရှိပြီး ကျန်းမာရေးနှင့် အခြားလူမှုရေးကိစ္စအဝဝအား ကူညီဆောင်ရွက်မှုများ ပြုလုပ်ပေးကြသည့် အလုပ်အကိုင် အခွင့်အလမ်းနှင့် ပတ်သက်ပြီး အသင့်အတင့် ကောင်းပါသည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

၅၄။ ကျေးရွာအနေအထားအရ ယေဘုယျအားဖြင့် အဟန့်အတား စိန်ခေါ်မှု အများအပြား မတွေ့ရှိရပေ။

(ဂ) စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မှု အချိန်ကာလ

၅၅။ ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်အထည်ဖော်မည့် နည်းလမ်း ဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့ အကောင်ထည်ဖော်မည် ဆိုသည့် သဘောပင် ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် ငါးနှစ်တာ စီမံချက်လာလအတွင်း ပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိက သော့ချက်များ ဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

၅၆။ ကျေးရွာလူထုက ငါးနှစ်တာအတွက် စီမံကိန်းရေးဆွဲစဉ် အချိန်က ဦးစားပေးအစီအစဉ် ချခဲ့သော စီမံကိန်းများသည် ငါးနှစ်တာလုံးအတွက် ပြီးပြည့်စုံပြီဟု မဆိုနိုင်ပါ။ ဦးစားပေးစီမံကိန်းအချို့ကို ရှေ့ပိုင်းနှစ်များတွင် ဆောင်ရွက်နေစဉ် နောက်ထပ်ဦးစားပေး စီမံကိန်းအသစ်များ ပေါ်လာပါမည်။ ပုံမှန်အားဖြင့် စနစ်တကျ ရေးဆွဲထားသော ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်မူဘောင်သည် သဘာဝ ဘေးအန္တရာယ် ဆိုးဆိုးဝါးဝါး မကျပါက ပြောင်းလဲမှု သိသိသာသာ မရှိနိုင်ပဲ

နောက်တိုး ဦးစားပေး စီမံကိန်းလုပ်ငန်းအချို့ကို နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင် ထည့်သွင်းခြင်းအားဖြင့် အစဉ်သဖြင့် ငါးနှစ်တာ စီမံချက်တစ်ခု အသင့် အနေအထားတွင် ရှိနေပါမည်။

(ခ) ဦးစားပေးစီမံချက်များ

၅၇။ စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာ အမှတ်ပေးအဆင့် ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ် အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများ နှင့် အခြား အေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေး စီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၅၈။ ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည် ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသော အဖွဲ့၏ တာဝန်သာ ဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေး တာဝန်မှာ မြို့နယ် သက်ဆိုင်ရာ ဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ် ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

(၇) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(က) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

၅၉။ ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေ ကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ် ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

၆၀။ ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့် ဆောင်ရွက်ပါမည်။

(၈) စီမံကိန်းအား စဉ်ဆက်မပြတ် လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

၆၁။ ကျွန်ုပ်တို့၏ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်

စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

၆၂။ လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည် ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့် အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြီးကြပ် စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာအတူ ပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများ တည်ဆောက်ပါမည်။

၉။ နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

၆၃။ စီမံကိန်းကာလ နှစ်တစ်နှစ် ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှု အခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှု အခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြား အသိပေး တင်ပြ နိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ ဖြစ်ပါသည်။

၆၄။ နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြား ပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

အုန်းတင်ကျေးရွာ ဦးစားပေး စီမံချက်များ

ကဏ္ဍ/ ကဏ္ဍခွဲ	စီမံချက်	ရမှတ်ပေါင်း	ဦးစားပေး အဆင့်	ဖော်ပြချက်	မှတ်ချက်
ရွာတွင်းလမ်း	လူနေမှုအဆင့်အတန်းမြင့်မားစေရန် ဆောင်ရွက်ခြင်း။	၁၀၀၀	၁	ကျေးရွာတွင်းလမ်းအား ကျောက်ချော (၁၉၀၀'×၁၂'×၆'') ခင်းခြင်း။	
ကျန်းမာရေး ဆေးပေးခန်း	ကျန်းမာရေးနှင့် ပတ်သက်သည့် ကိစ္စရပ်များဖြစ်ပါက အချိန်မီ ကုသနိုင်ရန် ဆောင်ရွက်ခြင်း။	၉၀၀	၂	ကျေးလက်ဆေးပေးခန်း ရရှိရန်အတွက် ဆောင်ရွက်ခြင်း။	
စာသင်ကျောင်းခြံစည်းရိုး	ကျောင်းဝင်းလုံခြုံစေရန် ဆောင်ရွက်ခြင်း။	၈၀၀	၃	ကျောင်းဝင်းခြံစည်းရိုး အုတ်တံတိုင်း ပြုလုပ်ခြင်း။	
ဘောလုံးကွင်း	အားကစားပြိုင်ပွဲများပြုလုပ်ရာတွင် အားကစားကွင်းမရှိခြင်း။	၇၀၀	၄	ဘောလုံးကွင်းရရှိရေးဆောင်ရွက်ခြင်း။	

နောက်ဆက်တွဲ (၂)

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၈	၆	၁၄
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၂၈	၂၁	၄၉
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၃၈	၂၈	၆၆
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၃၆	၄၀	၇၆
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၂၇၉	၃၂၂	၆၀၁
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၁၂	၂၇	၃၉
စုစုပေါင်း		**၄၀၁**	**၄၄၄**	**၈၄၅**
စုစုပေါင်း အိမ်ထောင်စု		**၁၇၈**		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။အုန်းတင် ကျေးရွာတွင် အိမ်ထောင်စု (၁၇၈)စု ၊ လူဦးရေ ကျား(၄၀၁)၊ မ(၄၄၄) ရှိပြီး မဦးရေသည် ကျားဦးရေထက် များပြားကြောင်းတွေ့ရှိရပါသည်။အလုပ် လုပ်နိုင်သည့် အရွယ်မှာ ကျေးရွာရှိ လူဦးရေ၏(၇၁%)ခန့် ရှိကြောင်းတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အိမ်က ဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၂၀	၂၂၄		မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၆၉	၁၄၂		မြင့် □ လတ်□ နိမ့် □
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □ လတ်□ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၁		မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁		မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၆	၁၀		မြင့် ☐ လတ်☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၈	၁၀		မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၁		မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၁		မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား				
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက်

အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။အုန်းတင် ကျေးရွာတွင် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြပြီး၊ ကိုယ်ပိုင်လယ်မြေ မရှိသူများမှာလည်း စိုက်ပျိုးရေးလုပ်ငန်းတွင် အငှားလိုက်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုမှု အများဆုံးဖြစ်ပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၇၀၀၀	၄၀၀၀	၅၀၀၀	၂၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား				
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။အုန်းတင် ကျေးရွာသည် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြပြီး လုပ်အားခတွင် အမျိုးသားများနှင့် အမျိုးသမီးများ ရရှိမှု မတူညီပါ။အမျိုးသမီးများ၏ လုပ်အားခသည် အမျိုးသားများထက် ရရှိမှု နည်းပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၃၉၆.၈	ကောင်း ☐	သင့်☐	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၇၆	ကောင်း ☐	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ဓနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း		☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။အုန်းတင် ကျေးရွာတွင် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြပြီး စပါးအများဆုံးစိုက်ပျိုးပြီး မြေပဲ အနည်းငယ်စိုက်ပျိုးကြောင်းတွေ့ရှိရပါသည်။

ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ ☐ သင့်☐ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ □ သင့်□ နည်း □ မရှိ □	လွယ် □ ခက်□ အသုံးမပြုနိုင်ပါ □
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ □ သင့်□ နည်း □ မရှိ □	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။အုန်းတင်ကျေးရွာတွင် သတ္ထုနှင့် အခြားတွင်းထွက် ပစ္စည်းများ မရှိပါ။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသော အိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၅-၁၂.၅ ဧကနှင့် ၁၂.၅ ဧကအထက်	၂.၅-၅ ဧက	၂.၅ ဧကအောက်	မြေယာမဲ့
အိမ်အခြေအနေ	နံကပ် (၂)ထပ်	ပြင်ထောင်(၂)ထပ်	သွပ်မိုး၊ ထရံကာ	ထန်းရွက်မိုး၊ မြေစိုက်
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	လက်တွန်း၊ ခွေလှေ့	လက်တွန်း၊ ရေစုတ်	-	-
အဓိကစီးပွားရေး လုပ်ငန်း	စိုက်ပျိုးရေး	စိုက်ပျိုးရေး	စိုက်ပျိုးရေး	ကျပန်း
အိမ်ထောင်စု	၃၄	၃၆	၄၄	၆၄

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။အုန်းတင် ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စုများ၏ အများဆုံးပိုင်ဆိုင်သော လယ်ဧကမှာ ၅ဧကနှင့်အထက် အထိ ရှိကြောင်းတွေ့ရှိရပါသည်။ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြသော်လည်း ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သည့် ပိုင်ဆိုင်မှု မှာ လက်တွန်း ထွန်စက်၊ ခွေလှေနှင့် ရေစုတ်စက် မျှသာရှိပြီး လိုအပ်သော စက်များ ငှားရမ်းလုပ်ကိုင်ကြပြီး ငှားရမ်းခ ဈေးနှုန်း အနည်းငယ်မြင့်ကြောင်း သိရှိရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစားပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစားပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစားပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာခနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု			
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု			
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။အုန်းတင်ကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်နေသည့် မိသားစုစောင့်ရှောက်မှု မရှိသော အိမ်ထောင်စုမရှိပါ။

(c-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။အုန်းတင်ကျေးရွာတွင် ရံဖန်ရံခါ အနည်းငယ်ရေကြီးခြင်းမှ လွဲ၍ အခြားသော ထိခိုက်သက်ရောက်လွယ်သည့် ဘေးအန္တရာယ်များ မရှိပါ။

(ဃ-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် □ လတ် □ နိမ့်□ မရှိ □
၉	ငါးကန်ပိုင်ရှင်များ	မြင့် □ လတ် □ နိမ့်□ မရှိ □
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် □ လတ် □ နိမ့်□ မရှိ □
၁၁	လူနည်းစုလူမျိုးများ	မြင့် □ လတ် □ နိမ့်□ မရှိ □
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် □ လတ် □ နိမ့်□ မရှိ □
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် □ လတ် □ နိမ့်□ မရှိ □
၁၄	ရွှေတွင်းလုပ်သားများ	မြင့် □ လတ် □ နိမ့်□ မရှိ □
၁၅	ဆေးစွဲသူများ	မြင့် □ လတ် □ နိမ့်□ မရှိ □
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် □ လတ် □ နိမ့်□ မရှိ □
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် □ လတ် □ နိမ့်□ မရှိ □
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် □ လတ် □ နိမ့်□ မရှိ □
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် □ လတ် □ နိမ့်□ မရှိ □
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် □ လတ် □ နိမ့်□ မရှိ □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။အုန်းတင် ကျေးရွာတွင် ဆိုးရွားစွာ ထိခိုက်သက်ရောက်လွယ်သည့်သူများ မရှိပါ။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ရပ်မိရပ်ဖ	၁□ ၂□ ၃□	၁၀		၁၀	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ □
၂	ဝေယျာဝစ္စ	၁□ ၂□ ၃□	၁၀	၁၀	၂၀	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ □
၃	လူငယ်	၁□ ၂□ ၃□	၁၀	၅	၁၅	ပညာရေး □ ငွေကြေး □	ကောင်း □

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	သင့် ☐ ညံ့ ☐
၄		၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၅		၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၆		၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၇		၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။အုန်းတင် ကျေးရွာရှိ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေးနှင့် သာရေး/နာရေး၊ လုံခြုံရေးနှင့် ကာကွယ်ရေးလုပ်ငန်းများအား လူမှုကူညီရေးအသင်း၊ ရပ်မိရပ်ဖနှင့် လူငယ်ကော်မတီများမှ ဦးဆောင်ကာ ဆောင်ရွက်လျက်ရှိပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	ပက်မြန်မာ	၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ဌေကြေး □ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၂		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ဌေကြေး □ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၃		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ဌေကြေး □ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၄		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ဌေကြေး □ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၅		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ဌေကြေး □ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၆		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ဌေကြေး □ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ - ခမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)**

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ - Care International, Save the Children, Gret, Pact Myanmar စသည်)**

(၃) **အရပ်ဘက်လူမှုအဖွဲ့အစည်း**

(၄) **နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)**

(၅) **နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)**

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။အုန်းတင်ကျေးရွာတွင် ငွေကြေးနှင့်ပတ်သက်၍ အနည်းဆုံး ပြင်ပအဖွဲ့အစည်း(၁)ခုနှင့် ချိတ်ဆက်ဆောင်ရွက်မှုများ မရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၆၄	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၄၄	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၃၆	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၃၁	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၃	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၁၇၈	☒

